# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

စာအမှတ်၊ ပစ – ၀၃၂၂/၁၄–၁၅/ အ၀ဆ/၃/
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇွန် လ ( ) ရက်

အကြောင်းအရာ။ ။**GbE IP မိုက္ကရိုဝေ့ဗ် နှင့် DWDM ဖိုင်ဘာဆက်ကြောင်းများ Interface ပြုလုပ်ရန် အတွက်ပစ္စည်းများပေးသွင်းရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း။**

ရည်ညွှန်းချက် ။ ။ရုံးချုပ်အခြေစိုက် အဝေးဆက်သွယ်ရေးစခန်း၏ (၆ .၆ .၂၀၁၄) ရက်စွဲပါ စာအမှတ်၊ အ၀ဆ / အိတ်ဖွင့်တင်ဒါ/၂၀၁၄–၁၅/ ၃၉၉

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍၂၀၁၄–၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးချုပ်အခြေစိုက်အဝေးဆက်သွယ်ရေးစခန်းအတွကအသုံးပြုရန်လိုအပ်သော GbE IP မိုက္ကရိုဝေ့ဗ် နှင့် DWDM ဖိုင်ဘာဆက်ကြောင်းများ Interface ပြုလုပ်ရန်အတွက် ပစ္စည်းများကို ဝယ်ယူလို၍ ပေးသွင်းလိုသူများသည် (၁၈.၇.၂၀၁၄ )ရက်နေ့ (၁၃း၀၀)နာရီ နောက်ဆုံး ထား၍ မိမိတို့၏Technical Proposal တွင်လက်မှတ်ရေးထိုး လျှက် အောက်တွင်လက်မှတ်ရေးထိုးသူ အရာရှိထံသို့ လိပ်မူ၍သတ်မှတ်ထားသောစည်းကမ်း ချက်များ နှင့် အညီ တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | လိုအပ်သောအရေအတွက် |
|---|---|---|
| | **GbE IP မိုက္ကရိုဝေ့ဗ် နှင့် DWDM ဖိုင်ဘာဆက်ကြောင်းများ Interface ပြုလုပ်ရန်** | |
| 1. | LC-LC Path Cord(30m) ဝယ်ယူခြင်း | 500-Nos |
| 2. | LC-LC Path Cord(20m) ဝယ်ယူခြင်း | 500-Nos |
| 3. | LC-LC Path Cord(10m) ဝယ်ယူခြင်း | 500-Nos |
| 4. | PCM/Pair Cable(0.6mm,100Pairs) | 3000-Meters |
| 5. | 100E1 Crone (3.6mm,100Pairs)<br>(With Crone Connector,Crone base) | 3000-Meters |

၂။ အောက်ပါစည်းကမ်းချက်များကိုလိုက်နာရပါမည်။

(က) **အိတ်ဖွင့်တင်ဒါပိတ်သိမ်းသည့်နေ့ရက်တွင် (Catalogue) နှင့် (Technical Proposal) (၃)စုံအား သီးခြား စာအိတ်ဖြင့်ထင်ရှားစွာရေးသားဖော်ပြ၍ တင်ပြရပါမည်။ ( Cost Proposal ) အားဈေးနှုန်းစိစစ်မည့် နေ့ရက်တွင်တပါတည်းယူဆောင်ပေးသွင်းရပါမည်။**

(ခ) ဈေးနှုန်းတင်သွင်းရာတွင်ပစ္စည်းတစ်ခုချင်းစီ၏ဈေးနှုန်းကို **မြန်မာကျပ်ငွေ**ဖြင့်သာဖော်ပြရပါမည်၊လုပ်ငန်း ရရှိသူသည်ပစ္စည်းများပေးသွင်းသည့်အခါမိမိတင်ပြခဲ့သော **Catalogue** အတိုင်းဖြစ်ရပါမည်၊**Catalogue** နှင့်မကိုက်ညီသော /စံချိန်စံညွှန်းနှင့်မကိုက်ညီသောပစ္စည်းများကိုလုံးဝလက်ခံခြင်းမပြုပါ။

(ဂ) လုပ်ငန်းအပေါ်စိတ်ဝင်စားမှုအာမခံငွေတင်သွင်းရန်အတွကငွေသွင်းပုံစံတစ်စောင်လျှင်၅/–နှုန်းဖြင့် ဝယ်ယူ၍ လုပ်ငန်းအပေါ်စိတ်ဝင်စားမှုအာမခံငွေကျပ် (၈,၀၀၀,၀၀၀/–) (ကျပ်ရှစ်ဆယ်သိန်းတိတိ) ကို ပေးသွင်းမှသာလျှင် **TechnicalProposal** အားထည့်သွင်းခွင့်ပြုပါမည်။ (လုပ်ငန်းမရရှိပါက ပြန်လည်ထုတ်ပေးပါမည်)။

(ဃ) လုပ်ငန်းရွေးချယ်ခြင်းခံရပါကလုပ်ငန်းအာမခံငွေအဖြစ်လုပ်ငန်းတန်ဖိုး၏၁၀%ကိုကြိုတင်ပေးသွင်း မှသာလျှင်လုပ်ငန်းအပ်နှံသည့်စာချုပ်ချုပ်ဆိုပါမည်။ ၁၀% လုပ်ငန်းအာမခံငွေဟုဆိုရာတွင်လုပ်ငန်းအပေါ်စိတ်ဝင်စားမှု အာမခံငွေကျပ် (၈,၀၀၀,၀၀၀/–) (ကျပ်ရှစ်ဆယ်သိန်းတိတိ) ကိုခုနှိမ်၍ ကျန်ငွေကိုသာပေးသွင်းရန် ဖြစ် ပါသည်။

(င) ရက်လွန်ပေးသွင်းမှုအတွက် နှောင့်နှေးကြေးအဖြစ် တစ်ပတ်လျှင် နောက်ကျပေးသွင်းမည့် ပစ္စည်းတန်ဖိုး၏၁%ဖြတ်တောက်မည်ဖြစ်ပါသည်၊ အဆိုပါ၁% ဖြတ်တောက်ခြင်းကိုရက်သတ္တပါတ်စုစုပေါင်း(၆)ပတ်အထိသာ ဖြတ်တောက်မည်ဖြစ်ပြီး ၎င်းကာလထက်ကျော်လွန်ပါက ပေးသွင်းထားသော အာမခံငွေများကိုသိမ်းယူ၍ နာမည်ပျက်စာရင်းတွင် ထည့်သွင်းအရေးယူမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာန အားလုံးသို့ နာမည်ပျက်စာရင်းပေးပို့အကြောင်းကြားမည်ဖြစ်ပါသည်။

(စ) ဈေးနှုန်းတင်သွင်းသူသည် ရွေးချယ်ခံရပြီးနောက်မှ လုပ်ငန်းလုပ်ကိုင်ရန် ငြင်းဆိုတင်ပြလ င်ဖြစ်စေ၊ရွေးချယ်ကြောင်း အကြောင်းကြားပြီး (၇)ရက်မြောက်သည့်တိုင် လာရောက်၍ လုပ်ငန်းလက်ခံခြင်းမရှိလျှင်ဖြစ်စေ၊ အပ်နှံထားသောလုပ်ငန်းပျက်ကွက်လျှင်ဖြစ်စေ၊ ပေးသွင်းထားသောအာမခံငွေများကို သိမ်းယပြီး နာမည်ပျက်စာရင်းတွင်ထည့်သွင်း၍ ပြည်ထောင်စုဝန်ကြီးဌာနအားလုံးသို့ နာမည်ပျက်စာရင်းပေးပို့ အကြောင်းကြားမည်ဖြစ်ပါသည်။ဤစည်းကမ်းချက်ကိုသဘောတူညီမှသာလျှင်ဈေးနှုန်းတင်သွင်း ရပါမည်။

(ဆ) လုပ်ငန်းအားလုံးကို ရက်ပေါင်း ( ၆၀ )ရက်အတွင်း အပြီးပေးသွင်းရပါမည်။

( ဇ ) ဈေးနှုန်းလွှာတွင် ပစ္စည်းပေးသွင်းမည့်ကာလ Deliveryကိုဖော်ပြရန်နှင့် ဈေးနှုန်းတည်မြဲရက် Validity မှာ ( ၃ )လ ဖြစ်ရပါမည်။

(ဈ) ဈေးနှုန်းဖွင့်ဖောက်သည့်နေ့တွင်စိစစ်သည့်ဈေးနှုန်းနှင့်ပစ္စည်းအပေါ်ဆုံးဖြတ်ပေးနိုင်သည့် လုပ်ငန်းပိုင်ရှင် (သို့) ကုမ္ပဏီ၏အထွေထွေမန်နေဂျာရာထူးထက်မနိမ့်သောသူမှတက်ရောက်ရပါမည်။

(ည) ဈေးနှုန်းတင်သွင်းသည့်အခါ ပုဂ္ဂိုလ်အမည်အစား လုပ်ငန်းအမည်(သို့)ကုမ္ပဏီအမည်ဖြင့်သာ တင်သွင်းရပါမည်။

( ဋ ) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ စိစစ်ရွေးချယ်မှု နှင့် ဆုံးဖြတ်ချက်များသာအတည်ဖြစ်သည်။

( ဌ) ရန်ပုံငွေအရ အရေအတွက် အတး/အလျော့ ပြုလုပ်မည် ဖြစ်ပါသည်။

( ဍ ) ဌာနမှ အကြောင်းတစ်စုံတစ်ရာမပြဘဲ ဈေးနှုန်းလွှာခေါ်ယူခြင်းကိုပယ်ဖျက်ခွင့်ရှိသည်။

( ဎ ) အဆိုပါပစ္စည်းကို တစ်နှစ်အတွင်း ပျက်စီးမှုမရှိကြောင်း အာမခံရပါမည်။

(ဏ) အဆိုပါလုပ်ငန်းအတွက် ဝင်ငွေခွန် ၂% ကို ဖြတ်တောက်ပေးချေမည် ဖြစ်ပါသည။

(တ) ဈေးနှုန်းအဆိုပြုတင်သွင်းရန်အတွက်တင်ဒါတွင်ပူးတွဲထားသည့်ပုံစံဖြင့်ဖြည့်သွင်း၍ဈေးနှုန်းတင်သွင်းသည့်နေ့တွင်တင်ပြရမည်။

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)
(ဝင်းအောင်၊ ဒုတိယအထွေထွေမန်နေဂျာ / ပစ္စည်း)

<u>**မိတ္တူကို -**</u>

-ဒုတိယအထွေထွေမန်နေဂျာ၊ (ဘဏ္ဍာရေး /လုပ်ငန်းနှင့်စစ်ဆေးရေး)၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။
-အင်ဂျင်နီယာချုပ် (အော်တိုတယ်လီဖုန်း / အဝေးဆက / ပြည်ပဆက် / မိုဘိုင်း /IT)၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ။
- စာရင်းကိုင်(၁)၊ ငွေစာရင်းဌာနစိတ်၊ ဤရုံး။
- ကြော်ငြာသင်ပုန်း။
- မျှောစာတွဲ။
- အမှုတွဲ။